# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၂၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀-၃-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဖြိုးမင်းသိန်း၊ လှည်းကူး မဲဆန္ဒနယ်၏ **အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်နေသော မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းတစ်ဦး နာမကျန်းဖြစ်သည့်အခါ ကုန်ကျစရိတ်ကို တောင်းဆိုပိုင်ခွင့် ရှိပါသလား၊ လုပ်ငန်းကြောင့် ရရှိသော ရောဂါ (Occupational Disease) များနှင့် ပတ်သက်၍ ဆေးကုသမှုကုန်ကျစရိတ်ကို နိုင်ငံတော်က ကျခံပါသလား** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအနေဖြင့် ချေးငွေများ ပေးဆပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံ အရေအတွက်မည်မျှရှိသည် နှင့် နိုင်ငံတစ်ခုချင်းအလိုက်ပေးဆပ်ရန် မည်မျှကျန်ရှိသည်ကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်ခြင်း မရှိ ဆောင်ရွက်နေသော ဌာနများအပေါ် မည်သို့ အရေးယူမည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးအောင်ဇင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်၏ **လယ်ယာမြေ မူဝါဒနှင့် လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး(Law Reform) ပြုလုပ်၍ ပြည်ထောင်စုလွှတ်တော်မှ မြေယာဝေခြမ်းရေးဆိုင်ရာ ဥပဒေ တစ်ရပ်ကို အမြန်ဆုံးပြဋ္ဌာန်းပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်သည့် ပိန်းဥနှင့် ကန်စွန်းဥကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ပေးနိုင်ရေးနှင့် ဈေးကွက်မှန်ကန်တည်မြဲနိုင်ရန်အတွက် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ပေါင်းစပ် ညှိနှိုင်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်က **"အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်း၊ ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ **" အမျိုးသားပညာရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၈။ **" အမျိုးသားပညာရေးဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ ခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။